ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ် (၅၃)၊ နေပြည်တော်

စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု( ၁၉၂၂ /၂၀၁၉)
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ [illegible] ရက်

သို့

မန်နေဂျင်းဒါရိုက်တာ
အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
အမှတ်-၅၄ EASTER BUSINESS CENTER၊ (၆)ထပ်၊ လေးထောင့်ကန်လမ်း၊
ဗိုလ်ကန်ညွှန့်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၀၉-၇၉၉၂၄၁၂၂၃၊ ၀၉-၇၈၂၉၅၈၁၂၇၊ ၀၉-၇၈၆၄၂၆၆၈၊ ၀၉-၇၈၆၄၂၂၅၅၉

အကြောင်းအရာ။ အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ မေတ္တာကျေးရွာအုပ်စု၊ ဘဝပင်ကျေးရွာရှိ မြေဧရိယာ(၄၉)ဧက ကျယ်ဝန်းသော B-4 လုပ်ကွက်တွင် ခဲမဖြူ အဖြိုက်နက်နှင့် ရောရာသတ္တု အလတ်စားတူးဖော်ခြင်း (သန့်စင်ခြင်းမပါ) လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို အတည်ပြု ပြန်ကြားခြင်း

ရည်ညွှန်းချက် ။

(၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၇-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၂၁၉/ ခဲဖြိုက်-အသေး (အရှေ့တိုင်း)/ ၁၇

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၆-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/၉(၄၅၂(ဟ)/၂၀၁၈)

(၃) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၄-၄-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃၆၈/ ခဲဖြိုက်-အသေး (အရှေ့တိုင်း)/ ၁၉

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၈-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၁၉၁/၂၀၁၉)

(၅) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၂-၇-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၈၃၂/ ခဲဖြိုက်-အလတ်စား (အရှေ့တိုင်း)/၂၀၁၉

(၆) ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉-၈-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ)(၃၇၅၀/၂၀၁၉)

၁။ အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ မေတ္တာကျေးရွာအုပ်စု၊ ဘဝပင်ကျေးရွာရှိ မြေဧရိယာ(၄၉)ဧက ကျယ်ဝန်းသော B-4 လုပ်ကွက်တွင် ခဲမဖြူ၊ အဖြိုက်နက်နှင့် ရောရာသတ္တုအလတ်စား တူးဖော်ခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(Environmental Management Plan-EMP)ကို အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှတစ်ဆင့် ရည်ညွှန်း(၁)၊ (၃)ပါ စာများဖြင့် တင်ပြခဲ့ခြင်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ စိစစ်သုံးသပ်ပြီး ပြင်ဆင်တင်ပြရန် ရည်ညွှန်း(၂)၊ (၄)ပါ စာများဖြင့် ပြန်ကြားခဲ့ပါသည်။ အဆိုပါပြန်ကြားစာများအရ ရည်ညွှန်း (၅)ပါ စာဖြင့် တင်ပြလာခြင်းဖြစ်ပါသည်။

၂။ ရည်ညွှန်း(၅)ပါ စာဖြင့် အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အပေါ်အတည်ပြုပြန်ကြားခွင့်ပြုပါရန် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခဲ့ရာ ပြန်ကြားခွင့်ပြုကြောင်း ရည်ညွှန်း(၆)ပါ စာဖြင့် အကြောင်းကြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ မေတ္တာကျေးရွာအုပ်စု၊ ဘဝပင်ကျေးရွာရှိ B4 လုပ်ကွက်တွင် ခဲမဖြူ၊အဖြိုက်နက်နှင့်ရောရာသတ္တု အလတ်စားတူးဖော်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP) အစီရင်ခံစာကို အတည်ပြုပါကြောင်းနှင့် အောက်ဖော်ပြပါအချက်များအား အလေးထား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း အကြောင်းကြားပါသည်-

(က) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ဖော်ပြပါ အချက်များကို ထည့်သွင်းဖော်ပြရန်-

(၁) စီမံကိန်းလုပ်ကွက်ဧရိယာကို လတ္တီတွဒ် ၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်၊

(၂) သတ္တုတူးဖော်ရေးလုပ်ကွက်မှ စီးထွက်ရေနောက်များကို ရေစစ်၊ ရေစုကန်များတွင် အနည်ထိုင်စေပြီးနောက် ပြင်ပသို့စွန့်ထုတ်မည့်တည်နေရာ လိုက်နာမှတ် (Point of Compliance) ကို လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များဖြင့်ဖော်ပြရန်နှင့် အဆိုပါနေရာတွင်တိုင်းတာသည့် Parameter၊ အကြိမ်ရေ တို့ကိုဖော်ပြရန်၊

(ခ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်သူ ကိုယ်တိုင်ဖြစ်စေ၊ စီမံကိန်းကိုယ်စား လုပ်ငန်းဆောင်ရွက်သော သို့မဟုတ် စီမံကိန်းဆောင်ရွက်သူက ခန့်အပ်၊ ငှားရမ်း၊ လုပ်ပိုင်ခွင့်ပေးအပ်ထားသော ကန်ထရိုက်တာများ၊ လက်ခွဲကန်ထရိုက်တာများ၊ အရာရှိများ၊ (လုပ်သား) ဝန်ထမ်းများ၊ ကိုယ်စားလှယ်များ၊ ကိုယ်စားပြုသူများနှင့် အကြံပေးပုဂ္ဂိုလ်များကဖြစ်စေ ပြုလုပ်သော သို့မဟုတ် ပျက်ကွက်သော လုပ်ငန်းများ အားလုံးအတွက်လည်းကောင်း၊ ဆိုးကျိုးထိခိုက်မှု

အားလုံးအတွက်လည်းကောင်း စီမံကိန်း ဆောင်ရွက်သူက ဥပဒေကြောင်းအရနှင့် ငွေရေးကြေးရေးအရ အပြည့်အဝ တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) အခန်း (၃) တွင် ဖော်ပြထားသောမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ တို့ကို လိုက်နာ ဆောင်ရွက်ရန်၊

(ဃ) အမှုန်အမွှားများထွက်ရှိမှုနှင့် ဆူညံသံနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(င) စွန့်ပစ်မြေစာနှင့် စွန့်ပစ်ရေနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် (၂.၇.၂) သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(စ) အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးနှင့် အမှိုက်ပုံများအတွက် အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေ လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(ဆ) ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ္တုတွင်း ဥပဒေ၊ ပုဒ်မ (၁၃)၊ သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၄၇-ဃ)၊ (၁၇၀-ဂ)၊ (၁၇၄)၊ (၁၇၆)၊ (၁၇၇)၊ (၁၇၈)၊ (၁၈၀)၊ (၁၈၁)၊ (၁၈၄-ခ) တို့နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(ဇ) အစီရင်ခံစာတွင် သတ်မှတ်ဖော်ပြထားသော ကန်ထရိုက်တာနှင့်သက်ဆိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုရေး အစီရင်ခံစာ တွင် သတ်မှတ်ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

(ဈ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသော ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ ကတိကဝတ်အကျဉ်းချုပ် ဇယားအတိုင်း အလေးထား လိုက်နာဆောင်ရွက်ရန်၊

(ည) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံ အဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရန်နှင့် မည်သည့် ဖောက်ခွဲမှုတွင် မဆို 120 dB Linear ထက်မကျော်လွန်စေရန်၊ မြေတုန်ခါမှုအတွက် 5 mm/s (Peak Particle Velocity – ppv) ထက် မကျော်လွန်စေရန်နှင့် ဖောက်ခွဲခြင်းကို နေ့အလင်းရောင်ရှိသည့် အချိန်တွင်သာပြုလုပ်ရန်၊